# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

# Office of the Securities and Exchange Commission of Myanmar

## အရင်းအနှီးဈေးကွက်သတင်းလွှာ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လ အထိ | အတွဲ ၂၊ အမှတ် ၁၊ ဧပြီ ၂၀၂၃ | www.secm.gov.mm


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၃၈) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေးနှင့် MMoU လက်မှတ်ရေးထိုးပွဲသို့ တက်ရောက် | ၁ |
| **ပြည်တွင်းသတင်း** | |
| ကော်မရှင်အစည်းအဝေးများ | ၂ |
| (၈) နှစ်ပြည့် အခမ်းအနားကျင်းပ | ၂ |
| ရန်ကုန်စတော့အိပ်ချိန်း၏(၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ | ၂ |
| ( ၁၁ ) ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | ၂ |
| ကော်မရှင်ရုံးဆွေးနွေးပွဲများ | ၂ |
| **ဆောင်းပါး** | |
| စာရင်းဝင်ကုမ္ပဏီ၊ စံသတ်မှတ်ချက်များနှင့် အနာဂတ်အခွင့်အလမ်းများ | ၃ - ၄ |
| **ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ** | |
| လုပ်ငန်းဆောင်ရွက်ချက်များ | ၅ |
| လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ | ၅ |
| အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ ပါဝင်တက်ရောက် | ၅ |
| Leading With Purpose Webinar ပါဝင်တက်ရောက် | ၅ |
| **ဈေးကွက်ဆိုင်ရာအချက်အလက်များ** | |
| ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှု နှင့် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ | ၆ |
| အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ | ၆ |
| ဈေးကွက်တွင်ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု | ၇ |
| **အိမ်နီးချင်းနိုင်ငံများ၏ ငွေရေးကြေးရေးဝန်ဆောင်မှု ဆောင်ရွက်ချက်များ** | |
| UK အစိုးရ နှင့် ထိုင်းနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECT) တို့ အကြား နားလည်မှုစာချွန်လွှာ အသစ် လက်မှတ်ရေးထိုးခြင်း | ၇ - ၈ |
| စင်္ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား အချိန်နှင့်တပြေးညီ ငွေပေးချေမှုများ စတင်ခြင်း | ၈ |





## (၃၈) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေးနှင့် MMoU လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်




(၃၈) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ယောဂျာကာတာမြို့၌ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ နှင့် ၂၁ ရက်နေ့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အတွင်းရေးမှူး၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇင်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေး၌ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာအစီအစဉ်အလိုက် ပါဝင်ဆွေးနွေးခြင်းနှင့် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၏ ဝက်ဘ်ဆိုဒ် ပြုပြင်ထိန်းသိမ်းမှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဘက်စုံနားလည်မှုစာချွန်လွှာ (Multilateral Memorandum of Understanding on the Maintenance and Fresh Development of the ASEAN Capital Markets Forum Website) တွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

# ပြည်တွင်းသတင်း

## ကော်မရှင်အစည်းအဝေးများ



၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အစည်းအဝေး ( ၃ ) ကြိမ် ကျင်းပခဲ့ပါသည်။

## (၈) နှစ်ပြည့် အခမ်းအနားကျင်းပ



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး၏ (၈) နှစ်ပြည့် အခမ်းအနားအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်း၏ (၇) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကျင်းပ




၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ရှိ PARKROYAL Yangon ဟိုတယ်၌ ရန်ကုန်စတော့အိပ်ချိန်း၏ (၇) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ရန်ကုန်စတော့အိပ်ချိန်း အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်း ဥက္ကဋ္ဌ၊ စာရင်းဝင်ကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပါသည်။

## (၁၁) ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် (၁၁)ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို Online ဖြင့် ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေတိုက်ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊မြန်မာ့စီးပွားရေးဘဏ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ကော်မတီအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ရုံးဆွေးနွေးပွဲများ

| | |
|---|---|
| ရန်ကုန်စတော့အိပ်ချိန်း (YSX) | အပတ်စဉ် |
| ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ | လစဉ် |
| ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကုမ္ပဏီများ | လစဉ် |
| အသိအမှတ်ပြုလက်မှတ်ရ သင်တန်းကျောင်းများ | လစဉ် |
| ဝန်ထမ်းဆန္ဒထုတ်ဖော်ပွဲ | လစဉ် |

ဆောင်းပါး

# စာရင်းဝင်ကုမ္ပဏီ၊ စံသတ်မှတ်ချက်များနှင့် အနာဂတ်အခွင့်အလမ်းများ

စာရင်းဝင်ကုမ္ပဏီဟူသည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုပင်ဖြစ်သည်။ စာရင်းဝင်ကုမ္ပဏီများသည် ၎င်းတို့၏ပိုင်ဆိုင်ခွင့်ကို ကိုယ်စားပြုသည့် အစုရှယ်ယာများကို စည်းမျဉ်းစည်းကမ်းထိန်းကျောင်းခွင့်ရှိသည့် အဖွဲ့အစည်း၏ခွင့်ပြုချက်အရ အစုရှယ်ယာများ ရောင်းဝယ်နိုင်သောနေရာ( Stock Exchange ) များတွင် ရင်းနှီးမြှုပ်နှံသူများ၏ ဈေးကွက်ဝယ်လိုအားအပေါ်တွင် မူတည်၍ ရောင်းဝယ်ဖောက်ကားနိုင်သည်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီ တစ်ခုသည် သက်ဆိုင်ရာ Stock Exchange က သတ်မှတ်ထားသော စာရင်းဝင်စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက စာရင်းဝင်ကုမ္ပဏီဖြစ်ရန် လျှောက်ထားနိုင်သည်။ စာရင်းဝင်ကုမ္ပဏီသည် ၎င်း၏ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ဖွင့်ဟကြေညာခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုနှင့် ယုံကြည်မှုကိုရရှိနိုင်ခြင်း၊ အလားအလာရှိသောရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ခြင်းတို့ကြောင့် ကုမ္ပဏီ၏ အရင်းအနှီးကိုမြှင့်တင်နိုင်ခြင်း၊ ရန်ပုံငွေလိုအပ်ချက်များကို အလွယ်တကူ စုစည်းရယူနိုင်ခြင်း အစရှိသည့် အခွင့်အလမ်းများစွာကို ရရှိနိုင်သည်။




စာရင်းဝင်လိုသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ ၊ ပုဒ်မ ၃၅ အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) သို့ အလားအလာညွှန်းတမ်းကိုတင်ပြအတည်ပြုချက် ရယူရမည်ဖြစ်သည်။ ပုဒ်မ ၄၁(ခ) နှင့်အညီ ရန်ကုန်စတော့အိပ်ချိန်း (YSX) က ထုတ်ပြန်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များနှင့်ညီညွတ်သော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများသည် ၎င်းတို့၏ အစုရှယ်ယာများကို YSX ၌ရောင်းချရန် စာရင်းဝင်ကုမ္ပဏီအဖြစ် လျှောက်ထားနိုင်သည်။ ယင်းအရည်အသွေးစံသတ်မှတ်ချက်မှာ(၁၇)ချက်ရှိပြီး အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတတ်ကုမ္ပဏီဖြစ်ပြီးအများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ အင်္ဂါရပ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နေသော ကုမ္ပဏီဖြစ်ရမည်။

(၂) အစုရှယ်ယာရှင်ဦးရေအနည်းဆုံး ၁၀၀ နှင့် အထက်ရှိရမည်။

(၃) လျှောက်ထားသည့်နေ့တွင် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ အနည်းဆုံး ကျပ်သန်း ၅၀၀ ရှိရပါမည်။

(၄) လျှောက်ထားသည့်နေ့မတိုင်မီ အနည်းဆုံး (၂) နှစ်တာကာလအတွင်း လုပ်ငန်းအမြတ်ရရှိရမည်။

(၅) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်၍ တည်ငြိမ်သောဝင်ငွေအခြေခံရှိရမည်။

(၆) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် အကျင့်စာရိတ္တကောင်းမွန်၍ ပြစ်ဒဏ်ကျခံဖူးခြင်း မရှိသူများဖြစ်ရမည့်အပြင် အမှုရင်ဆိုင်နေရသူများမဖြစ်စေရ၊တာဝန်ကျေပွန်သူဖြစ်၍ တရားမျှတစွာ၊ ဥပဒေနှင့်အညီ စိတ်ကောင်းစေတနာကောင်းများဖြင့် ဆောင်ရွက်သူများ ဖြစ်ရမည်။

(၇) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် မိမိအကျိုး၊ ကုမ္ပဏီအကျိုးအတွက် အများပြည်သူ အထင်အမြင်လွဲမှားစေမည့် အပြုအမူ၊ အပြောအဆိုများ မပြုလုပ်ရ။

(၈) ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်စေရန် အများနှင့်သက်ဆိုင်သောကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဒါရိုက်တာအဖွဲ့ဝင်လူကြီးတစ်ဦးချင်းသည် အစုရှယ်ယာရှင် အစည်းအဝေး၏အတည်ပြုချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှတစ်ပါး ယင်းကုမ္ပဏီမှ ဆောင်ရွက်နေသောလုပ်ငန်းနှင့် အကျိုးစီးပွားချင်းတူသောလုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုလုပ်ရ။

(၉) ကုမ္ပဏီနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် အစိုးရအဖွဲ့အစည်း၊ အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းတစ်ရပ်ရပ်၏ အမည်ပျက်စာရင်းတွင် ပါဝင်ခြင်းမရှိရ။

(၁၀) ကုမ္ပဏီ၏စာရင်းထိန်းသိမ်းမှု၊ စာရင်းစစ်ဆေးမှုတို့ကို မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့် စာရင်းစစ်စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၁၁) ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ အခွန်တာဝန်ကျေပွန်ရမည်။

(၁၂) ကုမ္ပဏီနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ အများပြည်သူသိသင့်သည့် အချက်အလက်များကို မြန်မာနိုင်ငံငွေချေး

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့သို့ ထုတ်ဖော်တင်ပြရမည့်အပြင် အများပြည်သူသိနားလည်လွယ်သည့် သင့်တော်သောနည်းလမ်းဖြင့် အများပြည်သူသို့ အချိန်မှီ ထုတ်ဖော်ကြေညာရမည်။ ထိုသို့ ထုတ်ဖော်ကြေညာရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမှုဆိုင်ရာဆုံးဖြတ်ချက်များပြုလုပ်မှုကို ထိခိုက်စေနိုင်မည့် အချက်များ၊ ဆုံးရှုံးနိုင်မှုအလားအလာဟု ယူဆရသော အချက်များ၊ လုပ်ငန်းဆောင်ရွက်မှုပြုနိုင်မည့် အခြေခံအလားအလာများ စသည်တို့ကို အထူးဖော်ပြရမည်။

(၁၃) ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာရန်အတွက် ကြီးကြပ်မည့်အရာရှိ(Compliance Officer)ခန့်ထား၍ ဥပဒေ၊စည်းမျဉ်း၊ စည်းကမ်းများလိုက်နာရန် ထိရောက်သောစနစ်တစ်ရပ် ထားရှိဆောင်ရွက်ရမည်။

(၁၄) လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ လုပ်ငန်းဆောင်ရွက်မည့် ဝန်းကျင်နှင့် ဆုံးရှုံးမှုအလားအလာဆိုင်ရာအချက်များ ပါဝင်သော လုပ်ငန်းစီမံချက် ထားရှိဆောင်ရွက်ရမည်။

(၁၅) အတွင်းသတင်းအချက်အလက်သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်း (Insider Trading)ကို ကာကွယ်တားဆီးရန် စနစ်တစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ရမည်။

(၁၆) ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် ကုမ္ပဏီအတွင်းစီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုစနစ်များထားရှိ၍ စီမံခန့်ခွဲမှုကို မလျော်သြဇာကင်းရှင်း၍ တည်ငြိမ်စွာနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။

(၁၇) အနာဂတ်တွင်တည်ငြိမ်သော အမြတ်ရရှိရန် အကြောင်းအကျိုးညီညွတ်သော မျှော်မှန်းချက်ရှိရမည်။

ကော်မရှင်သည် ၁-၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၁/၂၀၂၂ ) ဖြင့် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ပိုမိုအသက်ဝင်လာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးလာစေရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်အကြိုဈေးကွက်(Pre Listing Board – PLB) အမည်ဖြင့် ဒုတိယဈေးကွက်ကို တည်ထောင်ခွင့် ပြုပြီးဖြစ်ပါသည်။ YSXသည် စာရင်းဝင်ရောက်ရန်လွယ်ကူသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီကြီးများအတွက်သာမက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စံညွှန်းပြည့်မီရန်လိုအပ်ချက် အနည်းငယ်ရှိနေသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၏ အရင်းအနှီးမြှင့်တင်နိုင်ရေး၊ ကောင်းမွန်စွာရပ်တည်နိုင်ရေး၊ အဆိုပါကုမ္ပဏီများ နောင်နှစ်အနည်းငယ်အတွင်း YSX ၏ Main Board တွင် စာရင်းဝင်နိုင်ရေးတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

အောက်ပါအချက် (၇) ချက် ပြည့်မီသောကုမ္ပဏီများအနေဖြင့် PLB တွင် စာရင်းဝင်ရန် လျှောက်ထားနိုင်ပြီဖြစ်ပါသည်–

(၁) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ ဖြစ်ရမည်။

(၂) အစုရှယ်ယာရှင်ဦးရေ အနည်းဆုံး ၁၀၀ နှင့် အထက်ရှိရမည်။

(၃) မြန်မာနိုင်ငံ စာရင်းကိုင်စံများ၊ စာရင်းစစ်စံသတ်မှတ်ချက်များနှင့်အညီ စာရင်းစစ်ဆေးထားသော ဘဏ္ဍာရေးရှင်းတမ်းများကို ဆောင်ရွက်ထားသည့်ကုမ္ပဏီ ဖြစ်ရမည်။

(၄) အခွန်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ထားသော ကုမ္ပဏီ ဖြစ်ရမည်။

(၅) ကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ်များကို အီလက်ထရွန်းနစ်ပုံစံ အဖြစ် ပြောင်းလဲဆောင်ရွက်ရမည်။ (Dematerialization)

(၆) ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်။

(၇) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT) အတွက် ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်။

ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများရှိ ကုမ္ပဏီအများစုသည် ၎င်းတို့၏ကုမ္ပဏီကို အများပြည်သူ အသိအမှတ်ပြုစေလိုခြင်း၄ာ စတော့အိပ်ချိန်းများတွင် စာရင်းဝင်နိုင်ရန် ကြိုးပမ်းလေ့ရှိသည်။ အကြောင်းမှာ စာရင်းဝင်ကုမ္ပဏီဖြစ်မှသာ ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကို ရရှိနိုင်ပြီး အရင်းအနှီးလိုအပ်ချက်များကို အလွယ်တကူစုစည်းရရှိခြင်းဖြင့် ကုမ္ပဏီ၏လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ခြင်းကြောင့်ဖြစ်သည်။ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုအနေဖြင့် လိုင်စင်ရစတော့အိပ်ချိန်းတွင် စာရင်းဝင်ရောက်ခွင့်ရရန် လိုအပ်ချက်များပြားသည့်အလျောက် စာရင်းဝင်ကုမ္ပဏီဖြစ်လာပါက ရရှိမည့်အကျိုးကျေးဇူးသည်လည်း များပြားလှပေသည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးရေရှည်ဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကကဏ္ဍကုမ္ပဏီများကြီးထွားရှင်သန်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွား၍ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့သည် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဖြစ်သဖြင့် အနာဂတ်တွင်ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံကို တည်ဆောက်ရာ၌ အထောက်အကူပြုနိုင်ရေးအတွက် အလားအလာကောင်းသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ အနေဖြင့် YSX တွင် စာရင်းဝင်ရောက်ရန် ကြိုးပမ်းသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

ရဲဝေဖြိုး


ကိုးကား – https://www.investopedia.com/terms/l/listed.asp
https://www.fisdom.com/why-do-companies-list-on-the-stock-exchange/
https://www.secm.gov.mm
https://ysx-mm.com/pre-listing-board/about-plb/
https://ysx-mm.com/wp-content/uploads/2015/10/

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## လုပ်ငန်းဆောင်ရွက်ချက်များ

- ဆင့်ပွားဈေးကွက်၌ အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုအား SECM Website တွင် လစဉ် ထုတ်လွှင့်လျှက်ရှိခြင်း၊
- ရန်ကုန်စတော့အိပ်ချိန်း၏လုပ်ငန်းဆောင်ရွက်မှုများအား စစ်ဆေးမှု ဆောင်ရွက်ခြင်း၊
- ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းဌာန၊ ညွှန်ကြားရေးမှူးမှ YSX Online Basic Stock Investment Training Course (1/2023) တွင် သင်တန်းပို့ချခြင်း၊
- MIoD ၏ ဒါရိုက်တာလက်မှတ်ရသင်တန်း၌ အရင်းအနှီးဈေးကွက်ဆိုင်ရာ အသိပညာမျှဝေပေးခြင်း၊
- သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (၆) ခုတို့၏ လုပ်ငန်းခွင်သို့ သွားရောက်၍ ကော်မရှင်မှထုတ်ပြန်ထားသည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးခြင်း။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် အောက်ပါ သင်တန်းသို့ အရာထမ်း(၁)ဦး စေလွှတ်ခဲ့ပါသည် -


- အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့်ဒီပလိုမာသင်တန်း အမှတ်စဉ်(၈)

အောက်ဖော်ပြပါ ပြည်တွင်း / ပြည်ပ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းများသို့ ဝန်ထမ်းများ တက်ရောက်စေသည် -

- Audit Committee for Directors (Online)
- Directorship Series: Introduction to ESG (Environmen-tal, Social and Governance) Webinar (Online)
- Board/ Company Secretary Program (In Person)
- Asian Bond Market Initiative Assessment Workshop (Online)
- အာဆီယံအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ပူးတွဲအစည်းအဝေး (In Person)
- အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများ အစည်းအဝေး (In Person)
- (၃၈) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေး (In Person) ။

## အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ ပါဝင်တက်ရောက်



အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄) ရက်နေ့တွင် ကျင်းပသည့် ၁/၂၀၂၃ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး၊ ဒေါ်ကြည်ကြည်ခင်ဆွေ တက်ရောက်ခဲ့ပါသည်။

## Leading With Purpose Webinar ပါဝင်တက်ရောက်





၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် MIoD မှ Online ဖြင့် ကြီးမှူးကျင်းပသော "Leading With Purpose" Webinar သို့ SECM ရုံးမှ ဝန်ထမ်းစုစုပေါင်း (၂၉) ဦး တက်ရောက်ခဲ့ပါသည်။




# စျေးကွက်ဆိုင်ရာအချက်အလက်များ


## ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ








## အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ



## ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု




## အိမ်နီးချင်းနိုင်ငံများ၏ ငွေရေးကြေးရေးဝန်ဆောင်မှုဆောင်ရွက်ချက်များ

### UK အစိုးရနှင့် ထိုင်းနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECT) တို့ အကြား နားလည်မှုစာချွန်လွှာအသစ် လက်မှတ်ရေးထိုးခြင်း

၉-၁-၂၀၂၃ ရက်နေ့တွင် UK အစိုးရနှင့် SECT တို့သည် ငွေရေးကြေးရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် ငွေရေးကြေးရေးဝန်ဆောင်မှုများဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) အသစ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အလုံးစုံသောစီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်၊ ရေရှည်တည်တံ့သော စီးပွားရေးနှင့် ကာဗွန်လျှော့ချခြင်းကို ဦးတည်မည့် ကူးပြောင်းမှုများအား အထောက်အပံ့ပေးရန် ရည်ရွယ်ပြီး လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ပူးပေါင်းဆောင်ရွက်ခဲ့သော ယခင် MoU ကို အခြေပြု၍ ဆက်လက်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ယခင် MoU အရ UK နှင့် SECTတို့သည် ဆိုက်ဘာလုံခြုံရေးနှင့် အီလက်ထရောနစ်နည်းလမ်းဖြင့် ဖောက်သည်ကိုသိရှိခြင်း ( e – KYC )၊ စာရင်းဝင်ကုမ္ပဏီများအတွက် ရာသီဥတုပြောင်းလဲမှုကြောင့်ဆုံးရှုံးနိုင်ခြေ ဖွင့်ဟထုတ်ဖော်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ဝေရောင်းချသည့် ငွေချေးစာချုပ်ကဲ့သို့သော ရေရှည်တည်တံ့စေမည့် ဘဏ္ဍာငွေဖြည့်တင်းမှု၊ ဘဏ္ဍာရေးနည်းပညာ (FinTech) ဂေဟစနစ်၏ ဖွံ့ဖြိုးတိုးတက်မှု၊ စာရင်းကိုင်စံသတ်မှတ်ချက်များပါဝင်သော နယ်ပယ်များတွင် နည်းပညာအကူအညီ အထောက်အပံ့ပေးရေးတို့အတွက် UK နှင့်အတူ ဆောင်ရွက်ခဲ့ပါသည်။

MoU အသစ်သည် ထိုင်းနိုင်ငံနှင့် အခြားသောအာဆီယံနိုင်ငံများတွင် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှု အသိပညာများ မျှဝေပေးခြင်းကို တိုးမြှင့်ရန်၊ ရေရှည်တည်တံ့သော ဘဏ္ဍာငွေဖြည့်တင်းမှုကို တိုးမြှင့်ရန်နှင့် FinTech ကဏ္ဍအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ထပ်မံရေးဆွဲရန် အဓိကထား၍ ပံ့ပိုးပေးမည် ဖြစ်ပါသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုကို UK ၏ အာဆီယံစီးပွားရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်နှင့် အရှိန်မြှင့် ရာသီဥတုကူးပြောင်းမှု အစီအစဉ် အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ နည်းပညာ ပုံမှန်ကျင့်သုံးမှုများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများ မျှဝေပံ့ပိုးခြင်းတို့အတွက် ရန်ပုံငွေထောက်ပံ့ပေးမည် ဖြစ်သည်။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

SECT ၏ အတွင်းရေးမှူးချုပ် Ms. Ruenvadee Suwanmongkol က ဘဏ္ဍာရေးနည်းပညာနှင့် ရေရှည်တည်တံ့သော ဘဏ္ဍာငွေဖြည့်တင်းမှုသည် SECT မှ အဓိကထားဆောင်ရွက်ခဲ့သည့် နယ်ပယ်ဖြစ်ကြောင်း၊ UK အစိုးရနှင့်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအသစ်သည် ရေရှည်တည်တံ့သော စီးပွားရေးကြီးထွားလာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရန်ကဲ့သို့သော ငွေရေးကြေးရေးဆိုင်ရာ ဂေဟစနစ် မြှင့်တင်ခြင်းကိုအထောက်အပံ့ဖြစ်မည်ဟု အခိုင်အမာယုံကြည်ကြောင်းသိရှိရပါသည်။

နှစ်နိုင်ငံပူးပေါင်းမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ထိုင်းနိုင်ငံဘုရင်၏ သံအမတ်ကြီး Mark Gooding က "ဘဏ္ဍာရေးဝန်ဆောင်မှုများသည် ခေတ်မီစီးပွားရေး၏ အဓိကမောင်းနှင်အား တစ်ခုဖြစ်ကြောင်း၊ FinTech နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အထူးအာရုံစိုက်ခြင်းဖြင့် SECT နှင့် ကာလကြာရှည်ပူးပေါင်းဆောင်ရွက်မှုတွင် ရှေ့သို့ခြေတစ်လှမ်း ရယူနိုင်သည့်အတွက် ဂုဏ်ယူပါကြောင်း"ရေးသားဖော်ပြထားပါသည်။ ။

ဦးနိုင်

ကိုးကား – https://www.gov.uk/government/news/the-uk-and-the-sec-thailand-sign-new-mou-on-financial-services

---

## စင်္ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား အချိန်နှင့် တပြေးညီငွေပေးချေမှုများ စတင်ခြင်း

၂၁ -၂ -၂၀၂၃ ရက်နေ့တွင် Monetary Authority of Singapore (MAS) နှင့် Reserve Bank of India (RBI) တို့က စင်္ကာပူနိုင်ငံမှ PayNow အပ်ပလီကေးရှင်း နှင့် အိန္ဒိယနိုင်ငံမှ Unified Payments Interface(UPI) အပ်ပလီကေးရှင်းတို့အကြား ချိတ်ဆက်ဆောင်ရွက်မှုကို မိတ်ဆက်ခဲ့သည်။ စင်္ကာပူနိုင်ငံမှ DBS နှင့် Liquid Group ၊အိန္ဒိယနိုင်ငံမှ Axis Bank ၊ DBS India ၊ ICICI Bank ၊ Indian Bank ၊ Indian Overseas Bank နှင့် State Bank of India စသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။ Liquid Group သည် ၎င်း၏ LiquidPay e-wallet မှတစ်ဆင့် စင်္ကာပူ၏ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ် ချိတ်ဆက်မှုတွင် ဘဏ်စာရင်းများ သို့မဟုတ် e-wallets များအကြား အချိန်နှင့်တပြေးညီ နှစ်နိုင်ငံနေရာအနှံ့ ဘဏ္ဍာငွေလွှဲပြောင်းခြင်းနှင့် လက်ခံခြင်း လုပ်ဆောင်ပေးသည့် ပထမဆုံးသောဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်သည်။ အဆိုပါ အပ်ပလီကေးရှင်းသည် မိုဘိုင်းဖုန်း နံပါတ်၊ UPI သက်သေခံအမှတ် နှင့် Virtual Payment Address (VPA) တို့ရှိုဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်းချိတ်ဆက်မှုသည် သုံးစွဲသူများအား နယ်စပ်ဖြတ်ကျော် ရန်ပုံငွေလွှဲပြောင်းမှုများ ပြုလုပ်ရန် ဘေးကင်း၍ ရိုးရှင်းပြီး ကုန်ကျစရိတ်သက်သာသောနည်းလမ်းဖြင့် ကူညီပေးမည် ဖြစ်သည်။

စင်္ကာပူဝန်ကြီးချုပ် Lee Hsien Loong နှင့် အိန္ဒိယဝန်ကြီးချုပ် Narendra Modi တို့မှ တရားဝင်ကြေငြာခဲ့ခြင်းဖြစ်ပြီး MAS မန်နေးဂျင်းဒါရိုက်တာ Ravi Menon နှင့် RBI အုပ်ချုပ်ရေးမှူး Shaktikanta Das တို့က စင်ကာပူနှင့် အိန္ဒိယနိုင်ငံရှိ ၎င်းတို့၏ သက်ဆိုင်ရာနေရာများမှ နယ်စပ်ဖြတ်ကျော် ရန်ပုံငွေလွှဲပြောင်းမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

PayNow-UPI ၏ ချိတ်ဆက်မှုသည် ကမ္ဘာ့ပထမဆုံးသော အချိန်နှင့်တပြေးညီငွေပေးချေနိုင်မည့် ချိတ်ဆက်မှုစနစ်ဖြစ်ပြီးအနာဂတ်တွင် ငွေစီးဆင်းမှုပမာဏ တိုးလာမှုကို လိုက်လျောညီထွေ ဖြစ်စေမည့် cloud-based စနစ်ကို အသုံးပြုမည်ဖြစ်သည်။

စင်္ကာပူနိုင်ငံရှိ DBS ဘဏ်နှင့် Liquid Group တို့သည် အဆိုပါဝန်ဆောင်မှုကို ၎င်းတို့၏ ဖောက်သည်များရရှိစေရန် အဆင့်လိုက်လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် မတ်လကုန်အထိ အရည်အချင်းပြည့်မီသောအသုံးပြုသူအုပ်စုများနှင့် ငွေပေးငွေယူကန့်သတ်ချက်များကို အဆင့်ဆင့် တိုးမြှင့်ပေးသွားမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံရှိ ဘဏ်များမှ ဖောက်သည်များသည် ယင်းစနစ်စတင်ချိန်မှစ၍ အဆိုပါဝန်ဆောင်မှုမှတစ်ဆင့် ရန်ပုံငွေများရရှိမည်ဖြစ်သည်။ စတင်ချိန်တွင် အိန္ဒိယဘဏ်လေးခု၏ ဖောက်သည်များအတွက် ရန်ပုံငွေပေးပို့ခြင်းကို ကန့်သတ်ထားပြီး၊ ဤနယ်ပယ်ကို တဖြည်းဖြည်း တိုးချဲ့သွားမည်ဖြစ်ပါသည်။

ပါဝင်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် အဆိုပါဝန်ဆောင်မှုသည် ကုန်ကျစရိတ်သက်သာပြီး စင်္ကာပူနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့တွင် နေထိုင်လျက်ရှိသော နိုင်ငံခြားလုပ်သားများနှင့် ကျောင်းသားများပင် ယင်းတို့၏ မိခင်နိုင်ငံများသို့ စရိတ်နည်းနည်းဖြင့် ငွေပေးပို့ခြင်း၊ လက်ခံခြင်းတို့ ပြုလုပ်နိုင်ရန် လက်လှမ်းမီသော ဈေးနှုန်းဖြစ်စေရေး ကတိပြုထားပြီးဖြစ်သည်။

PayNow-UPI ချိတ်ဆက်မှုသည် MAS နှင့် RBI တို့၏ ငွေပေးချေမှုစနစ် အော်ပရေတာများအကြား ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်ပြီး ယင်းချိတ်ဆက်မှုတွင် စင်္ကာပူနိုင်ငံအတွက် Banking Computer Services Pte Ltd နှင့် အိန္ဒိယနိုင်ငံအတွက် NPCI International Payments Limited ၊ အကောင့်ကဒ်ပိုင်ရှင်များ၊ ဘဏ်များနှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ ပါဝင်ကြသည်။ ၎င်းချိတ်ဆက်မှုသည် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများအတွက် အခြေခံအဆောက်အအုံ မြှင့်တင်ရာတွင် အဓိကမှတ်တိုင်တစ်ခုဖြစ်ပြီး ကုန်ကျစရိတ်သက်သာမှု၊ မြန်ဆန်မှု၊ ဝင်ရောက်နိုင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ပေးပြီး အိန္ဒိယနိုင်ငံ၏ G20 နိုင်ငံများအကြား ဥက္ကဋ္ဌရာထူးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ။

ခြူးငယ်

ကိုးကား – https://www.mas.gov.sg/news/media-releases/2023/launch-of-real-time-payments-between-singapore-and-india

---